## ပထမအကြိမ်တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်အသီးသီးမှ ပြဋ္ဌာန်းခဲ့သော ဥပဒေများအပေါ် သုံးသပ်ချက် အကျဉ်း

### အကျဉ်းချုပ်

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား ၂ ပါ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါရှိသော ဥပဒေများကို တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။ ဤလေ့လာ သုံးသပ်မှုအကျဉ်းတွင် ပထမအကြိမ်လွှတ်တော်သက်တမ်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီး က ပြဋ္ဌာန်းပြီးစီးခဲ့သည့် ဥပဒေစုစုပေါင်းအရေအတွက်၊ ဇယား ၂ ပါ ဥပဒေပြုရေး ကဏ္ဍ ၈ ခုမှ ဥပဒေ ခေါင်းစဉ်ကြီး ၄၁ ရပ်အနက် ပြဋ္ဌာန်းပြီးစီးသည့်အရေအတွက် စသည့် အချက်အလက်များပေါ်တွင် အခြေခံ၍ သုံးသပ်ထားသည်။ ပြဋ္ဌာန်းခဲ့သည့် ဥပဒေပေါင်း၊ ပြဋ္ဌာန်းထားသည့်ကဏ္ဍများကို လေ့လာခြင်းအားဖြင့် ပထမအကြိမ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များက ဥပဒေပြုရေးအခန်းကဏ္ဍတွင် မည်မျှအတိုင်း အတာထိ ဆောင်ရွက်ပြီးစီးခဲ့သနည်းဆိုသည်ကို ဆန်းစစ်လေ့လာထားခြင်းဖြစ်သည်။

### ရှင်းလင်းချက်

ဥပဒေစုစုပေါင်းအရေအတွက်ဆိုသည်မှာ ပြဋ္ဌာန်းပြီးစီးသမျှ ပြင်ဆင်ဖြည့်စွက်သည့် ဥပဒေများ အပါအဝင် ဥပဒေအားလုံးကို ထည့်သွင်းတွက်ချက်ဖော်ပြခြင်းဖြစ်သည်။ ကဏ္ဍအလိုက်ဆိုသည်မှာ ဇယား ၂ တွင် ဖော်ပြသော ကဏ္ဍ (၈) ခုမှ ဥပဒေခေါင်းစဉ်ကြီး စုစုပေါင်း (၄၁) ရပ်ပေါ်တွင် အခြေခံ၍ တွက်ချက်သည်။ ယင်းခေါင်းစဉ်ကြီး ၄၁ ရပ် အောက်တွင် ဒေသလိုအပ်ချက်အလိုက် ထပ်မံပြဋ္ဌာန်းသော ဥပဒေခေါင်းစဉ်ခွဲများကို ထည့်သွင်းတွက်ချက်ဆန်းစစ်ခြင်းမပြုပါ။

ယခုလေ့လာသုံးသပ်မှုကို ပညာအလင်းပွင့်မြန်မာသုတေသန ဖောင်ဒေးရှင်း (EMReF) က ၂၀၁၅ ဒီဇဘ်ာလမှ ၂၀၁၆ ၊ ဖွန်လ အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များမှ လွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ လွှတ်တော်ရုံးအဖွဲ့ညွှန်ကြားရေးမှူးအပါအဝင် တာဝန်ရှိသူအသီးသီးနှင့် တွေ့ဆုံ၍ လေ့လာကောက်ယူခဲ့သော ပထမအကြိမ် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များဆိုင်ရာ သတင်းအချက်အလက်ရင်းမြစ်များအား အသုံးပြု၍ ရေးသားဖော်ပြထားပါသည်။


### ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီးမှ ပြဋ္ဌာန်းပြီးစီးသော ဥပဒေ အရေအတွက်ကို လေ့လာဆန်းစစ်ခြင်း

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ၊နောက်ဆက်တွဲ ဇယား ၂ အရ ပြဋ္ဌာန်းပြီးစီးသည့် ဥပဒေ စုစုပေါင်းအရေအတွက်အရ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်မှ ဥပဒေ ၄၈ ခု၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်မှ ဥပဒေ ၄၅ ခု၊ ကချင်ပြည်နယ်လွှတ်တော်မှ ဥပဒေ ၄၃ ခုတို့ဖြင့် ဥပဒေအရေအတွက် အများဆုံး ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပြီး ကယားပြည်နယ်မှာ ၂၄ ခုဖြင့် အနည်းဆုံး ပြဋ္ဌာန်းထားပါသည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှာ ဥပဒေ အနည်းဆုံး ၂၅ ခု မှ ၃၈ ခုကြား ပြဋ္ဌာန်းထားရှိသည်။

အောက်ပါ ပုံ (၁) တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်အသီးသီးမှ ပထမအကြိမ်လွှတ်တော် (၅) နှစ်သက်တမ်းတွင် ပြဋ္ဌာန်းပြီးခဲ့သော ဥပဒေများ၏ စုစုပေါင်းအရေအတွက်ကို ဖော်ပြထားပါသည်။

**ပုံ (၁) ပထမအကြိမ် တိုင်း/ပြည်နယ်လွှတ်တော်အသီးသီး၏ ပြဋ္ဌာန်းဥပဒေစုစုပေါင်းအရေအတွက်**




**ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂) ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းအရ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်တစ်ခုချင်းစီ၏ ကဏ္ဍအလိုက် ဥပဒေပြုနိုင်သည့်အခြေအနေ**

ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၁၈၈ အရ နောက်ဆက်တွဲ ဇယား ၂ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုစာရင်းကို

၁။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ

၂။ စီးပွားရေးကဏ္ဍ

၃။ စိုက်ပျိုးရေး နှင့် မွေးမြူရေးကဏ္ဍ

၄။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ

၅။ စက်မှုလက်မှုကဏ္ဍ

၆။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ

၇။ လူမှုရေးကဏ္ဍ

၈။ စီမံခန့်ခွဲရေးကဏ္ဍ

ဟူသော ကဏ္ဍ(၈) ရပ် ဖြင့် ရည်ညွှန်းပြဋ္ဌာန်းထားသည်။

ယင်းကဏ္ဍ (၈) ရပ်ပါ ဥပဒေပြုရေး စုစုပေါင်း **၄၁** ရပ် ပြဋ္ဌာန်းခွင့်ပြုရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဥပဒေပြဋ္ဌာန်းနိုင်မှုအခြေအနေကို အကျဉ်းအားဖြင့်ဖော်ပြရလျှင်

**ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ**တွင် စစ်ကိုင်းဒေသကြီးလွှတ်တော်က နှစ်စဉ်ပုံမှန်ပြဋ္ဌာန်းမြဲဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများ၊ ဒေသန္တရစီမံကိန်းဥပဒေများအပါအဝင် အခွန်ဥပဒေများ၊ ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာဥပဒေနှင့် အသေးစားငွေချေးလုပ်ငန်းဥပဒေများကို ပြဋ္ဌာန်းခဲ့သောကြောင့် အခြေခံဥပဒေအရ ဤကဏ္ဍတွင် ပြဋ္ဌာန်းပိုင်ခွင့်ရှိသော ဥပဒေပြုရေးကဏ္ဍ ၁၁ ရပ် ရှိသည့်အနက် ၇ ရပ်ထိ ပြဋ္ဌာန်းပြီးစီးထားသည်။ ကျန်တိုင်းဒေသကြီး နှင့်ပြည်နယ်လွှတ်တော်များတွင် ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍမှ ဥပဒေ အနည်းဆုံး ၂ ခု မှ ၅ ခု အထိ ပြဋ္ဌာန်းခဲ့ကြသည်။

ထူးခြားချက်အနေဖြင့် **စီးပွားရေးကဏ္ဍ** တွင် ပြဋ္ဌာန်းပိုင်ခွင့်ရှိသည့် ဥပဒေကဏ္ဍ ၃ ရပ်ရှိသော်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်အားလုံး (လုံး၀) ပြဋ္ဌာန်းထားခြင်းမရှိခဲ့ပါ။

**စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ** တွင် ဥပဒေပြဋ္ဌာန်းပိုင်ခွင့် (၇) ရပ်ရှိသည့်အနက် စစ်ကိုင်းတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး ၊ မန္တလေးတိုင်းဒေသကြီး ၊ ရှမ်းပြည်နယ် နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ၄ ရပ် စီ ပြဋ္ဌာန်းထားပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များတွင် အနည်းဆုံး ဥပဒေ ၁ ရပ်မှ ၃ ရပ် ပြဋ္ဌာန်းပြီးစီးခဲ့သည်။

**စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ** တွင် ဥပဒေပြဋ္ဌာန်းပိုင်ခွင့် ၅ ရပ် ရှိသည့်အနက် ကချင်ပြည်နယ်က ၅ ရပ်လုံး ပြဋ္ဌာန်းထားကြောင်း တွေ့ရသည်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း

ဒေသကြီးတို့တွင် ၄ ရပ်စီ၊ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များတွင် ဥပဒေ အနည်းဆုံး ၁ ရပ် မှ ၃ ရပ် ထိ ပြဋ္ဌာန်းခဲ့သည်။

**စက်မှုလက်မှုကဏ္ဍ** ရှိ ဥပဒေပြုခွင့် ၂ ရပ်တွင် ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်တို့၌ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ (သို့မဟုတ်) အသေးစား စက်မှုလက်မှု လုပ်ငန်းများဥပဒေ ၁ ရပ် စီသာ ပြဋ္ဌာန်းထားပြီး ကျန်တိုင်းနှင့်ပြည်နယ်များသည် စက်မှုလက်မှု ကဏ္ဍတွင် ဥပဒေပြဋ္ဌာန်းပြီးခြင်းမရှိသေးသည်ကို လေ့လာတွေ့ရှိရသည်။


**ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ** တွင် ဥပဒေပြဋ္ဌာန်းပိုင်ခွင့် ( ၃ ရပ်ရှိရာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်တို့၌ ၃ ရပ်လုံး ပြဋ္ဌာန်းထားရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် အနည်းဆုံး ဥပဒေ ၁ ရပ် ပြဋ္ဌာန်း ထားသည်ကို တွေ့ရပါသည်။

**လူမှုရေးကဏ္ဍ** တွင် ပြဋ္ဌာန်းပိုင်ခွင့် ၇ ရပ်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်တို့မှ ၇ ရပ်လုံး ပြဋ္ဌာန်းထားရှိပြီး ကချင်ပြည်နယ်တွင် ဥပဒေပြုရေးကဏ္ဍ ၆ ရပ် ပြဋ္ဌာန်းထားသည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များတွင် အနည်းဆုံး ၁ ခု မှ ၅ ခု ထိ ပြဋ္ဌာန်းခဲ့ကြသည်။

**စီမံခန့်ခွဲရေးကဏ္ဍ** တွင် ပြဋ္ဌာန်းပိုင်ခွင့် ၃ ရပ် ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်အားလုံးတွင် အနည်းဆုံး စည်ပင်သာယာရေးဥပဒေ ၁ ရပ်ကို ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရသည်။

အောက်ပါ ပုံ (၂) တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်အသီးသီး၏ ကဏ္ဍအလိုက် ဥပဒေ ပြဋ္ဌာန်းပြီးစီးမှုအခြေအနေနှင့် ပြဋ္ဌာန်းရန်ကျန်ရှိသည့် ကဏ္ဍများကို ဖော်ပြထားသည်။

**ပုံ (၂) ကဏ္ဍအလိုက် ဥပဒေပြဋ္ဌာန်းနိုင်မှုအခြေအနေ**




အချုပ်အားဖြင့်ဆိုရလျှင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား ၂ အရ တိုင်းဒေသကြီး နှင့်ပြည်နယ်လွှတ်တော်များက ဥပဒေပြုပိုင်ခွင့်ရှိသည့် ကဏ္ဍ ၈ ခုမှ စုစုပေါင်း ဥပဒေ **၄၁** ရပ် ပြဋ္ဌာန်းရန် ရှိသည့်အနက် ပထမအကြိမ် တိုင်းဒေသကြီး နှင့်ပြည်နယ်လွှတ်တော်အသီးသီးမှ ပြဋ္ဌာန်းပြီးစီးသည့် ဥပဒေ စုစုပေါင်းမှာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်က ဥပဒေပြုရေးကဏ္ဍ ၂၇ ရပ် ၊ ကချင်ပြည်နယ် လွှတ်တော်က ဥပဒေပြုရေးကဏ္ဍ ၂၄ ရပ် နှင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်က ဥပဒေပြုရေးကဏ္ဍ ၂၃ ရပ် တို့ အသီးသီး ပြဋ္ဌာန်းထားကြသည်။ ကဏ္ဍအလိုက် ဥပဒေပြဋ္ဌာန်းနိုင်မှုတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းခွင့်ပြုသည့် ၄၁ ရပ်တွင် ၈ ရပ် တွင်သာ ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရသည်။ ကျန်တိုင်းဒေသကြီး နှင့်ပြည်နယ် လွှတ်တော်များတွင် အနည်းဆုံး ဥပဒေပြုရေးကဏ္ဍ ၁၁ ရပ် မှ ၂၀ ရပ် ထိ ပြဋ္ဌာန်းထားကြောင်း လေ့လာ တွေ့ရှိရပါသည်။

**ကိုးကား**

၁။ ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေ

၂။ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) ၏ ပထမအကြိမ်တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်များ၏ ဆောင်ရွက်မှုသတင်းအချက်အလက်ကွင်းဆင်းကောက်ယူမှုမှ အချက်အလက်များ